Indepent Mon News Agency

Date: October 20, 2002

အလယ်တန်းကျောင်းသူ ၄ ဦး ကားတိုက်သေဆုံး

အောက်တိုဘာလ ၁၉ ရက်နေ့ စနေနေ့ မနက်ပိုင်းမှာ မော်လမြိုင်မြို့ ဆမ်းကြီးရပ်ကွက်တွင် အလယ်တန်းကျောင်းသူ ၄ ဦးသည် ကားတိုက်မှုကြောင့် ပွဲချင်းပြီး သေဆုံးသွားကြောင်း မော်လမြိုင်အခြေစိုက် လွတ်လပ်သော မွန်သတင်းအေဂျင်စီမှ သတင်းရရှိပါသည်။

အရက်မူးကားသမားမှ မောင်းလာသော တိုယိုတာကား ၃/က ၁၆၈၈ သည် အရှိန်မထိန်းနိုင်၍ ပလက်ဖောင်းဘေးမှာ လမ်းလျှောက်နေသည့် အလယ်တန်းဆင့်ပြီးစီးကြောင်း လက်မှတ်ယူဝတ်စုံဝတ်ထားသည့် ကျောင်းသူလေဦးကို ဝင်တိုက်လိုက်ပါသည်။

ဒီလိုအရှိန်နှင့်ဝင်တိုက်ခံလိုက်ရသည့် အသက် ၁၃ နှင့် ၁၄ အကြားရှိ ကျောင်းသူလေဦးသည် ကားလမ်းဘေးဘက်သို့ လွင့်စင်သွားပြီး နောက်မှ မောင်းနှင်လာသော ရဲတခွန် ကားကြီးနှင့် ပြန်ကြိတ်ခံရပြန်သည်။

ထ/ ၈၄၄၉ ရဲတံခွန် ခရီးသည်တင်ကားကြီးနှင့် ပြန်ကြိတ်ခံလိုက်ရသည့် ကျောင်းသူတဦးသည် လည်ပင်ပြတ်ထွက်သွားပြီး၊ ၄ ဦးစလုံးသေဆုံးသွားခဲ့ရပါသည်။

ရေး–မော်လမြိုင်ကို ပြေးဆွဲနေသော ရဲတခွန်ကားကြီးမောင်းသူသည် သက်ဆိုင်ရာ အာဏာပိုင်တို့က ထိန်းချုပ်ထားနိုင်ခဲ့ပေမဲ့ ရက်မူးနေသော တိုယိုတာကားမောင်းသမားသည် ချက်ချင်းထွက်ပြေးသွားတာကြောင့် ဖမ်းဆီးမရမိခဲ့ပေ။

ပိုမိုပြီးအချက်လက်သိလိုလျှင်လွတ်လပ်သောမွန်သတင်းအေဂျင်စီသို့ ဆက်သွယ်ပါရန်